ဗုဒ္ဓဟူးနေ့၊ ဩဂုတ် ၂၈၊ ၂၀၂၄

မိဘများနှင့် ကလေးတာဝန်ယူသူများ

**အကြောင်းအရာ - ဒေါ်လာ ၄၀၀ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)**

မိသားစုများသည် မိမိတို့ကလေးများအတွက် အကောင်းဆုံးကို ရယူလိုပါသည်။ သို့သော် ကျောင်းဝတ်စုံ၊ စခန်းချပွဲ၊ အားကစားနှင့် အခြားကိစ္စများအပါအဝင် လက်ရှိနေထိုင်မှုစရိတ်များကြောင့် အရာရာ အကုန်အကျ များနေပါသည်။

ထို့ကြောင့် အယ်လန် အလုပ်သမားပါတီအစိုးရက ဒေါ်လာ ၄၀၀ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus) တစ်ကြိမ် ပံ့ပိုးပေးခြင်းဖြင့် မိသားစုများအတွက် အနည်းငယ် ပိုမိုချောင်လည်လာစေရန် ပြုလုပ်ပေးနေပါသည်။

၂၀၂၅ ခုနှစ်တွင် မူကြိုမှ ၁၂ တန်းအထိ တက်ရောက်မည့် စခန်းချပွဲများ၊ အားကစားနှင့် လေ့လာရေး ရန်ပုံငွေ (CSEF) ကို လက်ခံသည့် ပုဂ္ဂလိကကျောင်းမှ ကျောင်းသားများသည် ဤကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus) ရနိုင်ပါသည်။

ရနိုင်သည့် ကျောင်းသားများအတွက် ပုဂ္ဂလိကကျောင်းများသို့ ဤကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းမှ ပေးမည်ဖြစ်သဖြင့် မိဘများ၊ ကလေးတာဝန်ယူသူများအနေနှင့် လျှောက်ထားရန် မလိုအပ်ပါ။

ကလေးတိုင်း ဤဒေါ်လာ ၄၀၀ ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus) ရရှိပါမည်။ ဆိုလိုသည်မှာ ကျောင်းနေအရွယ် ကလေးသုံးဦး ရှိသော ရနိုင်ခွင့်ရှိသည့်မိသားစုသည် စုစုပေါင်း ဒေါ်လာ ၁,၂၀၀ ရရှိမည်ဖြစ်သည်။

အရေးကြီးသည်မှာ၊ စခန်းချပွဲများ၊ အားကစားနှင့် လေ့လာရေးခရီးများ ရန်ပုံငွေများအပြင် ဤကျောင်းစရိတ်ချွေတာရေး အပိုပေးငွေ (School Saving Bonus)ကို ထပ်ဆောင်းရရှိပါမည်။

ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)အကြောင်း ပိုမိုသိရန် ဤစရိတ်သက်သာစေမှုသည် သင့်အတွက် မည်သို့ကူညီ ပေးပုံကို သင့်ကျောင်းနှင့် ဆွေးနွေးပါ။

နောက်ထပ် ကျောင်းစရိတ်ချွေတာရေးအပိုပေးငွေ (School Saving Bonus)အကြောင်းကို vic.gov.au/school-saving-bonus တွင်လည်း ရရှိနိုင်ပါသည်။

မိမိတို့မိသားစုများမှ သင့်မိသားစုများထံသို့ - ၂၀၂၅ ပညာသင်နှစ်အတွက် အဆင်ပြေကံကောင်းကြပါစေ။

လေးစားစွာဖြင့်၊

**ဂုဏ်သရေရှိ - ဂျစီတာ အယ်လန် (Jacinta Allan)**
**ဗစ်တိုးရီးယား ဝန်ကြီးချုပ်**
**ကလေးနှစ်ယောက်၏အမေ**

**ဂုဏ်သရေရှိ - အမတ် ဘန် ကာရိုး (Ben Carroll)**
**ဒု ပြည်နယ်ဝန်ကြီးချုပ်**
**ပညာရေးဝန်ကြီး**